# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 18, 2022 Volume 50, Number 11


**၁၈.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၆၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ-တရုတ် နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် လွယ်ဂျယ်-လိုင်းရင်းဂိတ်အား ပြန်လည်ဖွင့်လှစ်




https://news-eleven.com/article/224094

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ မြန်မာ-တရုတ်နယ်စပ်ဂိတ် တစ်ခုဖြစ်သည့် လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ်ကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

ဂိတ်ဖွင့်လှစ်သည့် ကနဦးအနေဖြင့် တစ်ရှူးငှက်ပျောကားကိုးစီးနှင့် ကြံကားခြောက်စီး စုစုပေါင်း ၁၅ စီးအား ကုန်သွယ်မှုနမူနာပုံစံဖြင့် ကိုဗစ်ကာကွယ်ရေး စည်းမျဉ်းများနှင့်အတူ စနစ်တကျလုပ်ဆောင်ခဲ့ကြရကြောင်း ကားလုပ်ငန်းရှင်များက ပြောကြားသည်။

ကားလုပ်ငန်းရှင်တစ်ဦးက "နမူနာစမ်းကြည့်တာပေါ့။ ဂိတ်ကြီးဖွင့်နိုင်တာကတော့ ကျွန်တော်တို့ကားသမားတွေ၊ လုပ်ငန်းရှင်တွေ၊ အောက်ခြေလုပ်သားတွေအထွက် အသက်ရှူပေါက်ပွင့်တာပါပဲ။ ကျွန်တော်တို့က ပုဂ္ဂလိက ကားကွင်းထဲကနေ ကရိန်းနဲ့ အလွယ်တကူ သယ်လို့ရတဲ့ပုံစံနဲ့ပြောင်းတယ်။ တရုတ်နိုင်ငံဘက်က သူတို့ကားကို PPE ဝတ်စုံနဲ့မောင်းတယ်။ ဟိုမှာ သူတို့စောင့်တဲ့ကားပြန်တင်ပေါ့။ အဲဒီကားခက ယွမ် ၃၀၀ ပေးရတယ်။ အလုပ်သမားခတွေကတော့ မညှိရသေးဘူး။ တဖြည်းဖြည်းလည်ပတ်နိုင် ရင် အစီး ၃၀ ကနေ အစီး ၅၀ အထိလည်ပတ်နိုင်မယ်။ ကျွန်တော်တို့ ကားသမားတွေ၊ ခြံသမားတွေဘက်ကတော့ အမြန်လည်ပတ်စေချင်တာပေါ့။ နောက်ပြီး မိုးမောက် လွယ်ဂျယ်လမ်းက လွန်ခဲ့တဲ့ ကိုဗစ်ပထမလှိုင်းကတည်းက ဘတ်ဂျက်ကျပြီး မပြင်နိုင်ကြသေးဘူး။ ပြင်စေချင်တယ်။ ကားတွေအထိနာသလို တိမ်းမှောက်တာမျိုးတွေလည်း

ဖြစ်နေတယ်။ တောဘက်အဖွဲ့တွေကလည်း ဒီနှစ်ကားအခွန်က တိုးကောက်မယ် ကြားနေရတယ်။ ဒီကာလကြီးက ဘယ်သူမှ အဆင်ပြေနေကြတာမဟုတ်ဘူး။ တရုတ်နိုင်ငံထဲမှာ ပိတ်နေတဲ့ကားတွေ တရုတ်နှစ်သစ်ကူး (ဖေဖော်ဝါရီ ၂ ရက်) နောက်ပိုင်းမှ ရမယ်လို့ ပြောနေကြတယ်"ဟု ပြောကြားသည်။

မြန်မာ-တရုတ်နယ်စပ် လွယ်ဂျယ်- လိုင်းရင်းဂိတ်ကို အချိန်မီမဖွင့်နိုင်သဖြင့် တစ်ရှူးငှက်ပျောကားများသည် ငှက်ပျောသီးများအား စွန့်ပစ်ခဲ့ရကြောင်းလည်းသိရသည်။ လွယ်ဂျယ်နယ်စပ်ဂိတ်မှ လွန်ခဲ့သည့်သုံးနှစ်ကျော်က တစ်ရှူးငှက်ပျောကားများ အစီးရေ သုံးထောင်ကျော်မှ ငါးထောင်ကျော်အထိ ကုန်သွယ်မှုပြုခဲ့ကြောင်းသိရသည်။ ကချင်ပြည်နယ်အတွင်းရှိ တရုတ်နိုင်ငံနှင့် ကုန်သွယ်နိုင်သည့် အကြီးဆုံးနယ်စပ်ဂိတ် နှစ်ခုဖြစ်သည့် ကန်ပိုက်တီနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်တို့ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁၁ ရက်မှ စတင်ပိတ်ထားခဲ့သည်မှာ ခြောက်လကျော်ကြာမြင့်ခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် ကန်ပိုက်တီနယ်စပ်ဂိတ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းတွင်စတင်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်ကပ်ဘေး ကာကွယ်မှု၊ စစ်ဆေးမှုနှင့် ကုန်စည်စစ်ဆေးမှုများကြောင့် တစ်ရက်လျှင်အစီးရေ ဆယ်ဂဏန်းသာ ကုန်သွယ်မှုပြုနိုင်သေးကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားလာမှုကြောင့် ပိတ်ထားခဲ့သည့် ကချင်ပြည်နယ်နှင့်တရုတ်နိုင်ငံ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် စက်တင်ဘာလဆန်းပိုင်းမှစတင်ကာ နှစ်ဖက်အစိုးရနှင့်ကုန်သည်ကြီးများက ကြိုးပမ်းမှု များ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ တရုတ်နိုင်ငံအစိုးရဘက်မှ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရေး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်ရှိလူဦးရေ ၇၅၂၀၀ အတွက် တရုတ်နိုင်ငံပေါင်းရှန်းပြည်နယ်အစိုးရက ကာကွယ်ဆေး လှူဒါန်းထားကြောင်း ၊ အဆိုပါကာကွယ်ဆေးများသည် စက်တင်ဘာ ၁၄ ရက်က ကန်ပိုက်တီ နယ်စပ်ဂိတ်မှတစ်ဆင့် ရောက်ရှိလာကြောင်း၊ စက်တင်ဘာ ၁၆ ရက်မှ စတင်ကာထိုးနှံနေကြောင်း၊ အုပ်စု ၂၃ စုကို အဓိကထားပြီး စုဖွဲ့အလုပ်သမားများ၊ စစ်ဘေးရှောင်များ၊ ကုန်စုံဆိုင်များ၊ အသက် ၄၀ နှင့် အထက်အုပ်စုများ ပါဝင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ နကျန်းပြည်နယ်ခွဲမှ ဆေးအလုံးရေ နှစ်သိန်း (လူတစ်သိန်းစာအတွက်) စက်တင်ဘာလအတွင်း ဖီမော်ဂိတ်မှတင်သွင်းကာ ချီဖွေမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများလုပ်ဆောင်ခဲ့ကြောင်း ကချင်ပြည်နယ်ကျန်းမာရေးဌာနမှသိရသည်။

ထို့ပြင် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းသည် မြစ်ကြီးနားမြို့နှင့် ၈၅ မိုင်ကွာဝေးပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ပေါက်ဆန်းခရိုင်၊ ထိန်ချုံးမြို့နယ်နှင့်ထိစပ်နေပြီး ထိန်ချုံးမြို့နှင့် ၅၁ မိုင်ကွာဝေးကြောင်းသိရသည်။ ထို့အတူ လွယ်ဂျယ်နယ်စပ်ဂိတ်မှာ ကချင်ပြည်နယ် ဗန်းမော်မြို့မှ ၅၆ မိုင် ၄ ဖာလုံအကွာတွင်ရှိပြီး တရုတ်နိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်းမြို့နယ်၊ လိုင်းရင်းကျေးရွာနှင့်ထိစပ်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

တရုတ်နိုင်ငံနှင့်ကချင်ပြည်နယ်တို့ တရားဝင်အဓိကဆက်သွယ်သည့်ဝင်ပေါက်မှာ ကန်ပိုက်တီဝင်ပေါက်နှင့် လွယ်ဂျယ်ဝင်ပေါက်၊ ပန်ဝါဝင်ပေါက်တို့ဖြစ်ပြီး လိုင်ဇာ၊ မန်ဝိန်းကြီးဝင်ပေါက်များကိုလည်း အသုံးပြုနေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224094

## ဆားကြမ်းတစ်ပိဿာ ကျပ် ၈၀ သာ ပေါက်ဈေးရှိသည့်အတွက် မွန်ပြည်နယ်ရှိ ဆားတောင်သူများ တွက်ခြေမကိုက်ဖြစ်နေ



https://news-eleven.com/article/224079

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ထွက်ရှိသည့်ဆားကြမ်း တစ်ပိဿာ ကျပ် ၈၀ သာ ပေါက်ဈေးရှိသည့်အတွက် ဆားတောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း ဒေသခံဆားတောင်သူများထံမှသိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ဆားကြမ်းတစ်ပိဿာ ကျပ် ၁၃၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိကာလတွင် ဆားကြမ်းတစ်ပိဿာ ကျပ် ၈၀ သာ ပေါက်ဈေးရှိတော့ကြောင်း၊ ထို့အတွက်ကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အလုပ်သမားစရိတ်နှင့် ဂိုဒေါင်ငှားရမ်းထားရသည့် စရိတ်များကြောင့် တွက်ခြေကိုက်မှုမရှိကြောင်း မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်မှ

ဆားတောင်သူတစ်ဦးက ပြောကြားသည်။ ၎င်းကဆက်လက်ပြီး “ဆားကြမ်းဈေးနှုန်းက စဖွင့်တဲ့အချိန်မှာ ထုံးစံအတိုင်း ဈေးကောင်းရတယ်လို့ဆိုလို့ရပေမဲ့ ဆားတကယ်ထွက်တဲ့အချိန်မှာ ပေါက်ဈေးကကျတော့တာပဲ။ အရင်ကတော့ ထုတ်လုပ်မှု ကုန်ကျစရိတ်တွေ၊ အလုပ်သမားခတို့ ဂိုဒေါင်ငှားရမ်းခတွေက ဈေးသိပ်မများတော့ သိပ်မသိသာပေမဲ့ ဒီနှစ်မှာက စက်သုံးဆီဈေး ကလည်းတက်နေတယ်။ အလုပ်သမားငှားရမ်းခကလည်းမြင့်နေတော့ လက်ရှိပေါက်ဈေးအရက အဆင်မပြေတော့ဘူး ဖြစ်သွား တယ်” ဟု ပြောကြားသည်။

လက်ရှိ ဆားကြမ်းအရောင်းအဝယ် ပုံမှန်နီးပါးရှိနေသော်လည်း တချို့တောင်သူများမှာ ထုတ်ရောင်းခြင်းမရှိဘဲ ဈေးကွက် အခြေအနေကို စောင့်ကြည့်နေကြသည့် သဘောမျိုးရှိကြောင်းနှင့် လာမည့်ဧပြီလအတွင်း ဆားရာသီသိမ်းပြီးမှသာ အရှုံးအမြတ် တွက်ချက်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စက်မှုကုန်ကြမ်းအနေဖြင့် ဈေးကွက်မရှိခြင်းနှင့် Export ဈေးကွက် မရှာဖွေနိုင်ခြင်းများကြောင့် ဆားကြမ်းဈေးကွက်အား ထိန်းချုပ်နိုင်မှုမရှိခြင်းဖြစ်ကြောင်း ဆားတောင်သူများက သုံးသပ်ပြောကြားသည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ‘ပင’ ကျေးရွာ တွင် ဆားကွင်းဧကပေါင်း ၂၉၀၀ ခန့်ရှိပြီး ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ‘ပင’ ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့် ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်း များ လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224079

## ဈေးကွက်အတွင်း ငရုတ်သီးစုပြုံဝင်ရောက်ခြင်းကိုထိန်းချုပ်ရန် တစ်ချို့ဒေသများတွင် ငရုတ်သီးခူးဆွတ်မှုရပ်ဆိုင်း



https://greenwaymyanmar.com/posts/stop_picking_chilli

ဈေးကွက်တွင်း ငရုတ်သီးများ စုပြုံဝင်ရောက်ခြင်းကို အခြေအနေ ထိန်းချုပ်နိုင်ရန်အတွက် တစ်ချို့ဒေသများတွင် ငရုတ်သီး ဆက်လက်မခူးဆွတ်တော့ဘဲ ရပ်ဆိုင်းထားကြောင်း ငရုတ်သီး ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သူများထံမှသိရသည်။ "အခုအချိန် မှာက ဧရာဝတီတိုင်းဘက်က ငရုတ်သီးတွေကလည်း ပေါ်နေတယ်။ ထိုင်းနိုင်ငံဘက်က ငရုတ်ခင်းတွေကလည်း အသီးပြန်ပေါ်ချိန် ဖြစ်နေတယ်။ ဗီယက်နမ်ဘက်က ငရုတ်တွေကလည်း တရုတ်နိုင်ငံ ဘက်ကို ဝင်မရတော့ ထိုင်းနိုင်ငံဘက်ကို လှည့်သွင်းကြတယ်။ ဒီတော့ ငရုတ်သီးတွေက စုပြုံဝင်နေသလိုဖြစ်သွားတယ်။ ဒီလို ဈေးကွက် အနေအထားကို ထိန်းနိုင်ဖို့အတွက် တစ်ချို့တောင်သူတွေက အသီးခူးတာကိုရပ်ပြီး၊ ဈေးကွက်ကောင်းကို စောင့်ဆိုင်းဖို့ လုပ်ကြရပါတယ်"ဟု မန္တလေးတိုင်းဒေသကြီးမှ ငရုတ်သီးစီးပွားဖြစ် စိုက်ပျိုးတင်ပို့ရောင်းချသူ ကိုမြင့်ထွန်းဦးကပြောသည်။

လက်ရှိတွင် ငရုတ်သီးဈေးကွက်အတွင်း ငရုတ်သီးအမှည့်အစို ဝင်ရောက်မှုများပြားနေသည့်အတွက် ဈေးနှုန်းဆက်တိုက် ကျဆင်းနေကြောင်းသိရသည်။ "ငရုတ်သီးဈေးက အရင်လကနဲ့ဆိုရင် လုံးဝကွာခြားသွားပါတယ်။ ဈေးကဆက်တိုက်ကို ကျနေ တာတော့ အခုဆိုရင် တစ်ပတ်လောက်ရှိလာပါပြီ။ အရင်လက ငရုတ်သီးအမှည့်အစို တစ်ပိဿာကို ကျပ် ၇၀၀၀ ဝန်းကျင်ရှိနေရာ ကနေ အခုဆိုရင် ငရုတ်သီးအမှည့်အစို တစ်ပိဿာကို ကျပ် ၁၀၀၀ ကနေ ၁၃၀၀ အတွင်း ဈေးအထိ ကျဆင်းနေပါတယ်။ ငရုတ်သီးအရည်အသွေးမကောင်းလို့ ဈေးကျတာမဟုတ်ပါဘူး။ ငရုတ်သီးတွေက ပေါ်ကာစ အသီးတွေဖြစ်တဲ့အတွက် အရည်အသွေးကောင်း Export Quality ကို ပြည့်မီပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ငရုတ်သီးကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့ရှိ ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်နေပြီး အဓိကပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံ သို့ တင်ပို့ရောင်းချကြသည်။

**Source:** https://greenwaymyanmar.com/posts/stop_picking_chilli

## ကင်းမွန်စျေးကောင်းရရှိသော်လည်း ရာသီဥတုမမှန်ခြင်းများကြောင့် ကင်းမွန်မီးထွန်းလှေများ အခက်ကြုံနေရဟုဆို




https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4220-squid-myeik.html

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တွင် ပြည်ပမှ ကင်းမွန်စျေးကောင်း ပေးဝယ်ယူမှုများရှိ၍ စျေးကောင်းရရှိသော်လည်း ယခုနှစ် ပွင့်လင်းရာသီအတွင်း ရာသီဥတုမမှန်ခြင်းများကြောင့် ကင်းမွန်မီးထွန်းလှေများ အခက်အခဲကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

မေ၊ ဇွန်၊ ဇူလိုင်လများကို ယခုနှစ် ငါးသားပေါက်ရာသီအဖြစ် သတ်မှတ်ခဲ့ပြီး ဩဂုတ်လမှ စတင်ကာ ငါးဖမ်းရာသီ ပြန်ဖွင့်ပေးခဲ့သော်လည်း ငါးဖမ်းရာသီအတွင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လှိုင်းလေပြင်းထန်နေခြင်းများကြောင့် ကင်းမွန်မီးထွန်းလှေငယ်တစ်ချို့ ပင်လယ်ပြင်သို့ မထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ ရာသီဥတုမမှန်ဘဲ မိုးဆက်လက်ရွာသွန်းနေခြင်းများ ရှိနေသည့်အတွက် ကင်းမွန်ရရှိမှုနည်းပါးနေကာ လုပ်ငန်းခွင်အတွင်း အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

"ဒီနှစ်ကတော့ ကင်းမွန်မီးထွန်းလှေအများစုက စရိတ်တောင်မရတဲ့သူတွေရှိနေတယ်။ ပါကေးငါး နည်းနည်းဖမ်းမိနေတော့ လှေအထွက်စရိတ်လေးတွေရအောင် အတော်လုပ်နေရတယ်၊ ဒီဇယ်ဆီ၊ ရေခဲနှင့် အခြေခံစားသောက်ကုန်တွေ စျေးတက်တော့ အထွက်စရိတ်က နှစ်ဆအထိ ခုန်တက်သွားတယ်။ ယခင်နှစ်က ကင်းမွန်လှေတစ်စီး ပင်လယ်ပြင်ကို ထွက်တော့မယ်ဆိုရင် အထွက်စရိတ် သိန်းတစ်ရာကျော်ရှိတယ်၊ ဒီနှစ်မှာ အထွက်စရိတ် ၂ ဆ ခုန်တက်သွားတော့ အထွက်စရိတ်က သိန်းနှစ်ရာကျော်အထိဖြစ်နေပြီ။ ကင်းမွန်ကလည်းမရတော့ အတော်လေး အခက်အခဲဖြစ်နေကြတယ်" ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပင်လယ်ပြင်အတွင်း ရေစီးကြောင်းပြောင်းလဲမှု၊ ရာသီဥတု မမှန်ခြင်းများကြောင့် ကင်းမွန်များ ရေပေါ်တက်လာခြင်း မရှိသလို စားကျက်ရွှေ့ပြောင်းသွားမှုများလည်း ရှိနေကြောင်းသိရသည်။ "ယခင်နှစ်က ကွမ်းသီးကျွန်း၊ ကွမ်းရွက်ကျွန်းနှင့် မြောက်ဘက်ပိုင်းတွေမှာ ကင်းမွန်တွေအရများတယ်။ ဒီနှစ် အဲဒီရေပြင်တွေဘက်မှာက ကင်းမွန်တွေမရှိသလောက်ပါပဲ၊ တောင်ဘက်ပိုင်းကို နေရာပြောင်းပြီးဖမ်းနေရတယ်၊ အဲဒီဘက်မှာလည်း ကင်းမွန်တွေ အတော်လေးနည်းနေတယ်၊ ပေါင်းကျေးလို ရေပေါ်ငါးလေးတွေ အတွေ့များနေတယ်၊ ငါးအုပ်များနေတော့ ကင်းမွန်တွေရှားပါးနေတယ်၊ ရာသီဥတုကြောင့် ကင်းမွန်တွေ ရေပေါ်ကို သိပ်မတက်လာတော့ဘူး" လို ကျွန်းစုမြို့နယ်မှ ကင်းမွန်ရေလုပ်သားတစ်ဦးကပြောသည်။

ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုတွင်ပါဝင်သော တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ယခုနှစ်ပွင့်လင်းရာသီသို့ ရောက်ရှိလာသော်လည်း ဒီဇင်ဘာလအထိ မိုးရွာသွန်းမှုများရှိနေသည့်အတွက် ရာသီအချိန်အခါအလိုက် လုပ်ကိုင်ရသည့် တံငါလုပ်ငန်းတစ်ချို့ အခက်အခဲဖြစ်ပေါ်နေကြောင်းသိရသည်။ ယခုနှစ် ကင်းမွန်ရာသီ၌ ကင်းမွန်ရှားပါးနေမှုကြောင့် ပြည်ပမှ စျေးကောင်းပေး ဝယ်ယူလျက်ရှိရာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ ဝယ်လက်များက ကင်းမွန်တစ်ဗန်း (၁၁ ပိဿာဝင်) လျှင် ငွေကျပ်တစ်သိန်းသုံးသောင်းကျော်အထိ စျေးကောင်းဝယ်ယူနေကြောင်းသိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4220-squid-myeik.html

## မန္တလေးကုန်စည်ဒိုင်စျေးကွက်တွင် မတ်ပဲအသစ်စျေး တစ်လအတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်၂၀၀၀၀ ကျော် စျေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံအသစ် (၂၀၂၂) စျေးလည်း မြင့်တက်နေ

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) စျေးကွက်တွင် မတ်ပဲအသစ်စျေး တစ်လအတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ ကျော် မြင့်တက်ပြီး ပဲစင်းငုံအသစ် (၂၀၂၂) စျေးမှာ မန္တလေးပဲစျေးကွက်ထဲသို့ ပစ္စည်းလှိုင်လှိုင်ဝင်ရောက်ပြီး တစ်ရက်အိတ်တစ်သောင်းကျော် ဝင်ရောက်နေသော်လည်း စျေးနှုန်းမြင့်တက်နေကြောင်း မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

"မတ်ပဲဈေးက အသစ်ပေါ်ချိန်တုန်းက ၁၁၀၀၀၀ ကျပ်နဲ့ ဈေးစဖွင့်ခဲ့တယ်။ အိန္ဒိယကိုတင်ပို့ဖို့ ကိုတာသက်တမ်းတိုးတဲ့အချိန်မှာ ဈေးပြန်တက်တယ်။ နောက်ပြီး ငွေဈေးအပြောင်းအလဲကြောင့် ဈေးတက်တာလည်းပါတယ်။ အမြင့်ဆုံးဈေး ၁၃၅၀၀၀ ကျပ်အထိ ဈေးတက်ခဲ့ပြီး ယနေ့ အဖိတ်နေ့မှာ ၁၃၀၀၀၀ ကျပ်ဈေးပြန်ဖြစ်ခဲ့တယ်။ ယနေ့ဈေးပြန်အေးတယ်။ တစ်နေ့က ၁၃၅၀၀၀ ကျပ် အထိဈေးဖြစ်ပြီး မနေ့က ၁၂၈၀၀၀ ကျပ်အထိဈေးဖြစ်ကာ ယနေ့ကျ ၁၃၀၀၀၀ ကျပ်ဈေးဖြစ်သွားတယ်။ ပဲစင်းငုံက မန္တလေးဘက်မှာ ပဲအသစ်လှိုင်လှိုင်ပေါ်တဲ့ရက်ပိုင်းဖြစ်ပါတယ်။ ပဲအသစ်က တစ်ရက်ကို အိတ်သောင်းဂဏန်းဝင်တယ်။ ရန်ကုန်ဝယ်လက်တွေ နေ့တိုင်းဝယ်ယူနေတော့ ဈေးမကျဘူး။ ပဲစင်းငုံဈေး အမြင့်ဆုံးဖြစ်တာက ဒီတစ်ပတ်အတွင်း ပြီးခဲ့တဲ့ ဥပုဒ်ထွက်နေ့က ၁၂၉၀၀၀ ကျပ်အထိရောက်ခဲ့ပြီး ဈေးပြန်ကျတာက ၁၂၁၀၀၀ ကျပ်အထိပြန်ကျတယ်။ လက်ရှိ ယနေ့ပေါက်ဈေးက ၁၂၅၀၀၀ ကျပ်ရှိတယ်။ V2 V7 ကုလားပဲတွေက ပဲအသစ်မပေါ်သေးဘူး။ V2 ကုလားပဲ ၁၄၄၀၀၀ ကျပ်ဈေး ၉၂၉ ကုလားပဲ ၁၃၅၀၀၀ ကျပ်ဈေး၊ V7 ကုလားပဲ ၁၄၃၀၀၀ ကျပ်ဈေး၊ ပဲတီစိမ်းက ဈေးကွက်ထဲပစ္စည်းဝင်တဲ့အားက သိပ်မရှိဘူး။ လက်ရှိဈေး ဖြစ်နေတာက ပစ္စည်းလှရင် ၁၅၀၀၀၀ ကျပ်ကနေ ၁၂၀၀၀၀ ကျပ်ကြား အရောင်းအဝယ်ရှိတယ်။ ပဲတီစိမ်းအဟောင်း ပစ္စည်း ကောင်းရင် ၁၁၀၀၀၀ ကျပ်ဈေးရှိတယ်။ ခွဲပဲဆို ၁၀၀၀၀၀ ကျပ်ဝန်းကျင်ရှိတယ်။ ပဲတီစိမ်းက ရန်ကုန်ဘက်ကိုသွားတာပါ။ ပဲယင်းအကြီး ၁၀၈၀၀၀ ကျပ် ဈေး၊ ပဲယင်းအသေး ၁၀၃၀၀၀ ကျပ် ဈေး၊ ပဲယင်းကို တရုတ်လိုင်းကဝယ်ပြီး ရန်ကုန်ဘက်ကနေ တင်ပို့နေတယ်။ ပဲလွန်းဖြူအသစ် ၁၂၀၀၀၀ ကျပ် ဝန်းကျင်ရှိတယ်။ ထောပတ်ပဲအလတ်အသစ် ၁၂၅၀၀၀ ကျပ်ဈေး၊ အကြီးစ ၁၆၀၀၀၀ ကျပ်ဈေးရှိတယ်။ ထောပတ်ပဲအသစ် ဈေးကွက်ထဲ နည်းနည်းပါးပါးဝင်သေးတာပါ။ ထောပတ်ပဲအသေး စဝင်တယ်။ အကြီးစက နည်းသေးတာပါ။ ကျွန်းစားတော်ပဲအသစ် ဈေးကွက်ထဲဝင်တယ်။ ဈေးကတော့ ၃၀၀၀၀၀ ကျပ်လို့ ကြားပါတယ်။ အရင်ဈေးကွက်ထဲ တင်ပို့တဲ့သူတွေက ဈေးကောင်းရနေတယ်။ ကနေဒါစားတော်ပဲဈေး ၁၈၀၀၀၀ ကျပ်၊ ယူကရိန်း စားတော်ပဲက ဈေးကွက်ထဲ ပစ္စည်းမရှိပါဘူး။ ပြောင်းဖူးစေ့ဈေးက ဈေးကောင်းတယ်။ တစ်ပိဿာ ၆၆၀ ကျပ်လောက်ရှိတယ်။ သုံးတင်း တစ်အိတ်ကို ၃၆၀၀၀ ကျပ်ဈေးရှိတယ်။ အရောင်းအဝယ်ဖြစ်ကြတယ်။ စမုန်နှမ်းထိပ်စ ၂၀၅၀၀၀ ကျပ်ဈေးရှိတယ်။ ပုံမှန် အလတ်စဈေး ၁၉၅၀၀၀ ကျပ် ဈေးရှိတယ်။ နှမ်းညို ၁၂၀၀၀၀ ကျပ် ကနေ ၁၂၅၀၀၀ ကျပ် ဈေးရှိတယ်။ လုံးဆန်အနီ ၂၆၅၀ ကျပ် ကနေ ၂၈၀၀ ကျပ်ရှိတယ်။ အဖြူ ၃၀၀၀ ကျပ်ကနေ ၃၁၀၀ ကျပ်ဈေးရှိတယ်" ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန်တစ်သိန်းကို ငါးနှစ်ဆက်တိုက် အိန္ဒိယနိုင်ငံက ဝယ်ယူသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ပြီးခဲ့သည့်နှစ် ဇွန် ၁၈ ရက်က မြန်မာနှင့်အိန္ဒိယနိုင်ငံ အစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ မြန်မာနိုင်ငံမှ နှစ်စဉ်မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့်ပဲစင်းငုံ တန်ချိန် တစ်သိန်းတို့ကို ပုဂ္ဂလိကကုန်သွယ်မှုမှတစ်ဆင့် နောက်ငါးနှစ်ဆက်တိုက် ဧပြီလမှမတ်လအတွင်း အိန္ဒိယနိုင်ငံသို့ တင်ပို့သွားရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/224067

## တရုတ်ပြည်တွင်းဈေးကွက်၌ အလူမီနီယံဈေးနှုန်းများ အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာ

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် အလူမီနီယံဈေးနှုန်းများအကျရပ်ပြီး တစ်ဖန် ပြန်လည်မြင့်တက်ခဲ့ပါသည်။ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့ပိုင်းဈေးကွက်၌ ပြည်တွင်းအလူမီနီယံအချောင်းများ၏ ပျမ်းမျှ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၀,၃၇၀) ဖြစ်ပြီး၊ ဒီဇင်ဘာလအစ၌ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၈,၉၀၀)မှ (၇.၇၈) ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

တရုတ်ပြည်တွင်းအလူမီနီယံဈေးကွက်၌ ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁၉) ရက်နေ့တွင် တစ်တန်လျှင် ယွမ်ငွေ (၂၄,၂၄၀)ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ဒီဇင်ဘာလအတွင်း အလူမီနီယံဈေးနှုန်းများ ပြန်လည်မြင့်တက်လာရသည့် အကြောင်းရင်းမှာ ဥရောပနိုင်ငံများတွင် စွမ်းအင်အကျပ်အတည်းဆက်လက်ဖြစ်ပွားနေပြီး၊ ဥရောပရှိ အလူမီနီယံထုတ်လုပ်သည့် ကုမ္ပဏီများက လုပ်ငန်းများပိတ်သိမ်းလာ ခြင်းကြောင့်ဖြစ်ပါသည်။ ထိုသို့ လက်ရှိပိတ်သိမ်းနေမှုများကြောင့် တန်ချိန် (၅)သိန်းမှ (၆)သိန်းခန့်အထိ ထုတ်လုပ်မှုလျော့ကျ သွားနိုင်ကာ၊ အနာဂတ်တွင် တစ်ကမ္ဘာလုံးထုတ်လုပ်နေမှုမှ တန်ချိန် (၂)သန်းခန့် လျော့ကျသွားနိုင်ကြောင်း ခန့်မှန်းထားပါသည်။ IAI အချက်အလက်များအရ ဥရောပနိုင်ငံများရှိ electrolytic အလူမီနီယံ

ထုတ်လုပ်မှုများမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ထုတ်လုပ်နေမှုများ၏ (၁၁) ရာခိုင်နှုန်းခန့်ရှိကာ၊ တရုတ်နိုင်ငံမှ ထုတ်လုပ်နေမှုမှ (၂၆) ရာခိုင်နှုန်းခန့်ရှိပါသည်။ ဥရောပရှိ အလူမီနီယံတန်ချိန် (၂.၄)သန်းခန့်နီးပါးကို အရည်ကျိုနေသည့်လုပ်ငန်းများ၏ စွမ်းအင်ရင်းမြစ်မှာ သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း သိရပါသည်။

ဤကဲ့သို့ အလူမီနီယံထုတ်လုပ်မှုများ ကျဆင်းလာသော်လည်း ဈေးကွက်ဝယ်လိုအားဘက်မှမူ ကောင်းမွန်နေဆဲဖြစ်သောကြောင့်၊ ဒီဇင်ဘာလအတွင်း အလူမီနီယံဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ပါသည်။ သို့ရာတွင် တရုတ်နိုင်ငံ၌ နွေဦးရာသီပွဲတော်ရက် နီးကပ်လာပြီဖြစ်ပြီး၊ ဝယ်လိုအားနေးကွေးနေသဖြင့် အလူမီနီယံဈေးနှုန်းများမှာ ဒီဇင်ဘာလနှောင်းပိုင်း၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းဝန်းကျင်၌ပင် ရှိနေနိုင်မည်ဟု ခန့်မှန်းရပါသည်။

Source: SunSirs (၄-၁-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## မလေးရှားနိုင်ငံတွင် မိုးများခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအပေါ် သက်ရောက်လာနိုင်

မလေးရှားနိုင်ငံရှိ ပြည်နယ်အချို့တွင် ဒီဇင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများသည် ဆီအုန်းအထွက်နှုန်းကို ထိခိုက်နိုင်ပြီး၊ ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်းနှင့် မလေးရှားနိုင်ငံ၏ လက်ရှိမိုးရာသီကာလသည် မတ်လအထိ ကြာမြင့်နိုင်သဖြင့် ၎င်း၏စားအုန်းဆီထုတ်လုပ်လုပ်မှုအပေါ် ပိုမိုဆိုးရွားသောအခြေအနေလည်းဖြစ်ပေါ်လာနိုင်ကြောင်း သိရှိရပါသည်။

မလေးရှားစားအုန်းဆီကောင်စီ၏စာရင်းအရ မလေးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကမ္ဘာ့စားအုန်းဆီပို့ကုန်ပမာဏ၏ ၃၄ ဒသမ ၄ ရာခိုင်နှုန်းတို့ကို ကိုယ်စားပြုခဲ့ပါသည်။ မလေးရှား၏ စားအုန်းဆီထုတ်လုပ်မှုအခြေအနေထိခိုက်မှုသည် ကမ္ဘာ့စားအုန်းဆီဈေးကွက်အပေါ်လည်း သက်ရောက်လာမည်ဖြစ်ကြောင်း ထုတ်လုပ်သူများမှ ပြောကြားကြပါသည်။

စားအုန်းဆီထုတ်လုပ်သောလုပ်ငန်းများမှာ ဈေးနှုန်းမြင့်တက်နေသည့်အခြေအနေကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းမှ ဖြစ်ပေါ်လာသောဆုံးရှုံးမှုများကို ကာမိလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စားအုန်းဆီအကြမ်း၏ ပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် စင်ကာပူဒေါ်လာ ၁၄၃၁ ဖြင့် အမြင့်ဆုံးရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ထက် ၅၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုကဏ္ဍသည် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် လုပ်သား မလုံလောက်မှုအခက်အခဲဖြစ်ပေါ်လျက်ရှိပြီး၊ လက်ရှိမိုးရာသီအတွင်း ဆိုးရွားသောအခြေအနေများကိုလည်း ကြုံတွေ့ရနိုင်ကြောင်း သိရှိရပါသည်။

Source: The Business Times

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများ၏ဆုံးရှုံးမှုများ၊ ကုန်တိုက်များနှင့်ကုန်ပစ္စည်းပို့ဆောင်သည့်လုပ်ငန်းများအနေဖြင့် အကျိုးအမြတ်များရရှိလာနိုင်ခြင်း

ဟောင်ကောင်ဒေသ၌ အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ်သည် ဒေသတွင်း၌ ကူးစက်ပျံ့နှံ့မှုများရှိလာသဖြင့် စားသောက်ဆိုင်များနှင့် အဖျော်ယမကာ ရောင်းချသောဆိုင်များအား ၇-၁-၂၀၂၁ ရက်နေ့ မှ ၂၀-၁-၂၀၂၁ ရက်နေ့အထိအား ညနေ (၆:၀၀) နာရီအထိသာ ဖွင့်လှစ်ရောင်းချရန် လူမှုအသိုက် အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်မှုများကြောင့် စားသောက်ဆိုင်လုပ်ငန်းများအား ပြင်းထန်စွာ အဓိကရိုက်ခတ်နိုင်ကြောင်း၊ သို့သော် ဝယ်ယူသူများအားဆွဲဆောင်နိုင်ရန် အကျိုးခံစားခွင့်အနေဖြင့် ဈေးနှုန်းများ လျှော့ချရောင်းချခြင်းနှင့်အစားအစာများအား ဆိုင်ပြင်ပသို့ဝယ်ယူ၍ စားသုံးနိုင်ခြင်းအစရှိသည်တို့ဖြင့် စားသောက်ကုန်ပစ္စည်းများ ပို့ဆောင်သည့် Foodpanda နှင့် Deliveroo ကဲ့သို့သော လုပ်ငန်းများနှင့်ဈေးဝယ်စင်တာ၊ ကုန်တိုက်များအနေဖြင့် အခွင့်အလမ်းများနှင့် အကျိုးအမြတ်များရရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Hong Kong social distancing: malls, delivery platforms seek to turn restaurants, loss into their gain” ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်များ၏ ဝင်ငွေ (၈၀) ရာခိုင်နှုန်းမှာ ညနေ (၆) နာရီနောက်ပိုင်းရောင်းချခြင်းမှ ရရှိခြင်းဖြစ်ကြောင်း၊အချို့သောရေခဲမုန့်အစရှိသည့် မုန့်အချိုပွဲ ရောင်းချသည့်ဆိုင်များအတွက် အများဆုံးရောင်းချရသည့်အချိန်မှာ ည (၁၀:၀၀) နာရီ နောက်ပိုင်းမှသာဖြစ်ကြောင်း၊ ချက်ချင်းစားသုံးရန် လိုအပ်သည့်ရေခဲမုန့်ကဲ့သို့သော အစားအစာများမှာ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် အွန်လိုင်းမှရောင်းချခြင်းစနစ် ပြောင်းလဲအသုံးပြုလျှင် အဆိုပါရေခဲမုန့်ဆိုင်များအနေဖြင့် ပေါင်မုန့်နှင့်အဖျော်ယမကာများအား ပြောင်းလဲရောင်းချရမည်ဖြစ်ကြောင်း၊ လူကြိုက် များသော စားသောက်ဆိုင်များ၌ညနေ (၇:၄၅)နာရီကျော်အထိ ဝယ်ယူသူ (၅၀)ဦးခန့်သည်အစားအစာများအား ဆိုင်ပြင်ပသို့ဝယ်ယူ၍ စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင် ပြင်ပ၌တန်းစီ၍ စောင့်ဆိုင်းခဲ့ကြကြောင်း၊ ညနေ(၆)နာရီနောက်ပိုင်း စားသောက်ဆိုင်များ ရောင်းချခွင့်မပြုသည့် နောက်ဆုံးကန့်သတ်ချက်မှာ အဆင်ပြေမှုမရှိကြောင်း၊ အချို့သောသူများမှာ ညစာအတွက် ဆိုင်မှဝယ်ယူ၍ အနီးအနားရှိ ပန်းခြံများတွင် စားသုံးကြကြောင်း ရေးသားဖော်ပြထားပါသည်။

စားသောက်ကုန်များ ဖြန့်ဖြူးပို့ဆောင်ပေးသည့် Deliveroo အနေဖြင့် စားသောက်ဆိုင်များအတွက် မကြာမီက နောက်ဆုံးအခြေအနေထုတ်ပြန်ထားသော ကမ္ဘာ့ကပ်ရောဂါ ကန့်သတ်ထိန်းချုပ်ကန့်သတ်ချက်များ၏ ရိုက်ခတ်မှုများ လျော့နည်းသက်သာစေရန် စားသောက်ဆိုင်များနှင့် ပို၍ပူးပေါင်းချိတ်ဆက်ပြီး တစ်ချိန်တည်းမှာပင် အမှာစာများပိုမိုရရှိရန် ကြိုးစားဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ Deliveroo ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိ အချို့သော စားသောက်ဆိုင် (၁၀,၀၀၀)ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၁,၀၀၀) ဦးကျော်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၏ စားသောက်ကုန်ပစ္စည်းများအဓိကဖြန့်ဖြူးပေးသည့် Foodpanda သည်အမှာစာ(၄၀)ရာခိုင်နှုန်းခန့်ရရှိပြီး Pandapro ၌အသင်းဝင် ထားသူများအတွက်အကန့်အသတ် မရှိအခမဲ့ပေးပို့ပေးကြောင်းနှင့် စားသုံးသူများအား ပိုမိုဝယ်ယူလာနိုင်သည့် ဝန်ဆောင်မှု တစ်ခုလည်းဖြစ်ကြောင်း၊ Foodpanda ၏ အွန်လိုင်းပလက်ဖောင်း၌ ဟောင်ကောင်ရှိအချို့သော စားသောက်ဆိုင် (၁၂,၀၀၀) ဖြင့် ချိတ်ဆက်ထားပြီး ပစ္စည်းပို့ဆောင်ဖြန့်ဖြူးသူ (၁၀,၀၀၀) ဦးကျော်ရှိကြောင်း၊ ယခုနောက်ဆုံး အခြေအနေထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုမှာ ဈေးဝယ်စင်တာများနှင့် လက်လီအရောင်းဆိုင်များအပေါ် ကြီးမားစွာသက်ရောက်မှု မရှိနိုင်ကြောင်း၊ ဟောင်ကောင်ဒေသခံများညနေ (၆) နာရီနောက်ပိုင်း၌စားသောက်ဆိုင်များ၌ စားသုံးခြင်းအစား ကုန်တိုက်များ၌ ဈေးဝယ်အောင်ဆွဲဆောင်နိုင်ရန် ဟောင်ကောင်ဒေသ၏ အကြီးမားဆုံးအိမ်ခြံမြေ လုပ်ငန်း ဖြစ်သည့် Sun Hung Kai properties (SHKP) သည် ၎င်း၏ကုန်တိုက် (၄)ခု၌ ညနေ (၆) နာရီနောက်ပိုင်း ဝယ်ယူသူများအတွက် အထူးအရောင်းမြှင့်တင်မှုအစီအစဉ်များ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ North Point ရှိ Harbour Nort  Mall ၌ သတ်မှတ်ထားသော ရောင်းချသူများနှင့် စားသောက်ဆိုင်များ၌ SHKP အသင်းဝင်များအနေဖြင့် ၎င်းတို့၏ အသင်းဝင်ရမှတ်များဖြင့် ဟောင်ကောင်ဒေါ်လာ (၃၀၀) (အမေရိကန်ဒေါ်လာ အားဖြင့် ၃၈ ဒေါ်လာ) ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ Tsuen Wan ရှိ Tsuen Kam Centre နှင့် Grand City Plaza တို့၌ Club member များ အနေဖြင့် ညနေ (၆) နာရီနောက်ပိုင်းတွင် Reward Points နှစ်ဆရရှိနိုင်ခြင်းနှင့် အီလက်ထရောနစ် ကူပွန် အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၅၀၀) ရရှိနိုင်ကြောင်း၊ Causeway Bay ရှိ Windsor House (သို့မဟုတ်) The One or Silvercord Shopping တို့၌ညနေ(၆)နာရီနောက်ပိုင်းအစားအစာများအားဆိုင်ပြင်ပသို့ သယ်ယူစားသုံးရန်အနည်းဆုံး ဟောင်ကောင်ဒေါ်လာ(၂၀၀) ဝယ်ယူသူများအတွက် ဟောင်ကောင် ဒေါ်လာ(၁၅၀)တန်ဖိုးရှိ ကူပွန်ပြန်လည်ရရှိမည်ဖြစ်ကြောင်း၊ ကုန်တိုက်များအနေဖြင့် ဒေသအစိုးရ၏ ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်နိုင်ရန် ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုအစီအမံများကို ပံ့ပိုးနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားအစာများအားဝယ်ယူ၍ ၎င်းတို့၏ နေအိမ်များ၌စားသုံးကြရန် စားသုံးသူများအား တိုက်တွန်းအားပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မကြာမီပြီးဆုံးရန် မျှော်လင့်ထားကြောင်း၊ Sino Group Mall (၆) ခုဖြစ်သည့်Tmtplaza ၊Olympic City ၊  Citywalk ၊ China Hong Kong City ၊ Gold Coast Piazza နှင့်Tsim Sha Tsui Centre တို့ရှိ စားသောက်ဆိုင်များမှ ညနေ(၆)နာရီနောက်ပိုင်းတွင် အစားအစာများအား ဆိုင်ပြင်ပ၌စားသုံးရန် အနည်းဆုံးဟောင်ကောင်ဒေါ်လာ (၂၀၀) ဝယ်ယူလျှင် ဈေးဝယ်ကူပွန် ဟောင်ကောင်ဒေါ်လာ (၂၀) ပံ့ပိုး ပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

Source: **အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (18.1.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,100 | 8,200 | 8,100 | 1,376 | 11,279,200 | 33,109,694 | 271,499 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,000 | 3,100 | 3,000 | 1,077 | 3,298,700 | 38,929,150 | 120,680 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 40 | 316,000 | 10,400,986 | 82,168 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 76 | 1,482,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +150 | +5.88% | 2,700 | 2,700 | 2,700 | 5 | 13,500 | 12,823,224 | 34,623 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,300 | 5,300 | 5,100 | 11 | 56,300 | 10,497,598 | 53,538 |


### Market summary

As of 18th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.79 | +2.82 | +0.74% | 380.95 | 383.79 | 379.05 | 2,585 | 16,445,700 | 7 | 667,648 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 18th Jan. 2022

| MYANPIX | 383.79 ▲ 2.82 |
|---|---|
| Total Volume (shares) | 2,585 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,648 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 150 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |